
# ငလျင်ဘေးကြောင့်ထိခိုက်ဆုံးရှုံးမှုအခြေအနေ အစီရင်ခံစာ (အမှတ်စဉ်-၃)

## ၂၀၂၅ခုနှစ်၊ မတ်လ၃၁ရက်

## ဖြစ်စဉ်အကျဉ်းချုပ်

အမျိုးသားညီညွတ်ရေးအစိုးရ၊ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီသည် ငလျင်ဘေးသင့်ဒေသများမှ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များနှင့် ၂၀၂၅ခုနှစ်၊ မတ်လ ၃၀ရက်နေ့တွင် တွေ့ဆုံကာ ဒေသအလိုက်အရေးပေါ်လိုအပ်ချက်များ ဆန်းစစ်ခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ငလျင်ဘေးအရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရေတို၊ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သည့်ဘဏ္ဍာရန်ပုံငွေများ ခွဲဝေသုံးစွဲနိုင်ရန် ညှိနှိုင်းမှုများပြုလုပ်ခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ စိုးမိုးထိန်းချုပ်မြို့နယ်များတွင် ငလျင်ဘေးကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အလျင်အမြန်ပြန်လည်ပြုပြင်ရန် လိုအပ်သည့် ကုန်ထုတ်လမ်း၊ တံတားများနှင့် မီးတိုင်များ ပြန်လည်ပြင်ဆင်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။ ငလျင်ကြောင့် အတည်ပြုပြီးသည့် သေဆုံးသူဦးရေမှာ မတ်လ(၃၁)ရက်နေ့ ညနေပိုင်းအထိ ၂,၄၃၈ ဦးဖြစ်ပြီး ပျောက်ဆုံးနေသူများလည်း ရှိပါသည်။ နိုင်ငံတကာမှရှာဖွေကယ်ဆယ်ရေးအဖွဲ့များမှာလည်း နေပြည်တော်နှင့် မန္တလေးမြို့ပေါ်ရှိ နေရာအချို့တွင်သာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းကြောင့် ရှာဖွေကယ်ဆယ်ရေး ထိရောက်စွာ မဆောင်ရွက်နိုင်သည့် အခြားမြို့နယ်များစွာ ကျန်ရှိနေပါသည်။ လျှပ်စစ်မီး၊ အင်တာနက်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ ဆက်လက် ကြုံတွေ့နေရပြီး ယခုတစ်ပတ်အတွင်း ဘလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းကြောင့် မိုးရွာသွန်းနိုင်သည့်အတွက် နေအိမ်ပျက်ဆီးသွားသည့် ငလျင်ဘေးသင့်ပြည်သူများအနေဖြင့် ယာယီနေထိုင်ရန် နေရာများ အခက်အခဲ ပိုမိုကြုံတွေ့ရနိုင်ပါသည်။ စားသုံးကုန်များနှင့် လောင်စာဆီများပြတ်လပ်ခြင်းနှင့် ဈေးနှုန်းများကြီးမြင့်ခြင်းကြောင့် ဘေးသင့်ဒေသများတွင် ထောက်ပံ့ပစ္စည်းများ ဝယ်ယူပို့ဆောင်နိုင်ရန် စိန်ခေါ်မှုများဖြစ်ပေါ်လျက်ရှိသည်။








- သောက်သုံးရေ
- စားနပ်ရိက္ခာ
- ဆေးဝါး
- ယာယီတဲနှင့်မိုးကာများ၊ မြေခင်းများ
- ဆောက်လုပ်ရေးဆိုင်ရာKit များ
- ရေသန့်ဆေးပြား၊ဆေးမှုန့်များ
- စက်သုံးဆီ
- အမျိုးသမီးလစဉ်သုံး ပစ္စည်းများ
- အိမ်ထောင်စုအလိုက်ထောက်ပံ့နိုင်သည့် Kit များ
- ဂတ်စ်မီးဖိုများ
- ဆိုလာမီးအိမ်များ

Contacts
1.Ministry of Humanitarian Affairs and Disaster Management
Email: mohadm@nugmyanmar.org
2. Ministry of Foreign Affairs
Email: mofa@nugmyanmar.org
3. Press office Team
Signal: (+1) 332-240-3557
Email: pst@nugmyanmar.org

## 01 ငလျင်ဘေးကယ်ဆယ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး

အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ငလျင်ဘေးသင့်ဒေသများမှအုပ်ချုပ်ရေးအဖွဲ့များတွေ့ဆုံကာ လိုအပ်ချက်များဆန်းစစ်ခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်းတို့ကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ စိုးမိုးထိန်းချုပ်မြို့နယ်များတွင် ငလျင်ဘေးကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များကို ပကဖ၊ ပလဖ၊ ပအဖ နှင့် တပ်ရင်း၊ တပ်ဖွဲ့များက ရဲဘော်များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ရှာဖွေကယ်ဆယ်ရေး၊ မြစ်ကမ်းဘေးဒေသများရှိပြည်သူများ နေရာပြောင်းရွှေ့ရေးနှင့် သောက်သုံးရေရရှိရေး၊ ငလျင်ဘေးသင့် စစ်ရှောင်များအတွက် ယာယီနေရာချထားရေး၊ ပျက်စီးသွားသော ဘုန်းကြီးကျောင်းများ၊ ဓမ္မာရုံများ၊ ဘုရားများနှင့် နေအိမ်များအား အပျက်အစီးရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ သေဆုံးနှင့် ထိခိုက်ပြင်းထန်သူများအား ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ပျက်စီးသွားသော ဆက်သွယ်ရေးလမ်းများနှင့် မြောင်းဘောင်များ ပြန်လည်ပြင်ဆင်နိုင်ရန်ဆောင်ရွက်လျက်ရှိသည်။

## 02 အရေးပေါ်စားနပ်ရိက္ခာ

ငလျင်ဘေးသင့်စစ်ရှောင်ပြည်သူများကို လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန၏ အရန်ဆန်များထောက်ပံ့ခြင်းနှင့် ထမင်းထုတ်ဝေခြင်းများ လတ်တလော ဆောင်ရွက်လျက်ရှိသည်။ စစ်ကိုင်း-မန္တလေးလမ်းပိတ်ခြင်း၊ မြစ်ကူးတံတားနှင့် ချဉ်းကပ်လမ်းများ ပျက်ဆီးခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှုရပ်တန့်ကာကုန်စည်ရှားပါးခြင်းနှင့် စက်သုံးဆီနှင့် အခြားကုန်ဈေးနှုန်းမြင့်တက်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ စစ်တပ်ကသဘောများနှင့် ကုန်ကားများကိုစစ်ဆေးခြင်းနှင့် ဖြတ်သန်းခွင့်ပိတ်ခြင်းကြောင့် အရန်ရိက္ခာ ပြန်လည်ဖြည့်တင်း နိုင်ခြင်းမရှိသည့်အတွက် စားနပ်ရိက္ခာ ပြတ်တောက်မှု ဖြစ်ပေါ်လာနိုင်သည်။

## 03 ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

မန္တလေးနှင့် စစ်ကိုင်းတိုင်းရှိ မြို့နယ်အချို့တွင် ငလျင်ကြောင့် မြေများအက်ကွဲကာ မြေအောက်ရေများပန်းထွက်ခြင်း၊ တွင်းရေများမှရေမထွက်တော့ခြင်း၊ ရေများအရောင်ပြောင်းလဲခြင်းတို့ကြောင့် သောက်သုံးရေအတွက် အခက်အခဲများဖြစ်ပေါ်နေပြီး စစ်ကိုင်မြို့နယ်တွင် ရေမသန့်ရှင်းခြင်းကြောင့် ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ပွားမှုများ ရှိပါသည်။

## 04 ယာယီအမိုးအကာ

ယခင်က ဘေးအန္တရာယ်ဖြစ်ပွားချိန်များတွင် ယာယီနေထိုင်နိုင်သည့် ဘုန်းကြီးကျောင်းများနှင့် ဘာသာရေး အဆောက်အအုံများ၊ စာသင်ကျောင်းများပါ ပြိုကျပျက်ဆီးခြင်းကြောင့် ငလျင်ဘေးသင့်ပြည်သူများအတွက် ယာယီနေထိုင်စရာများ အခက်အခဲ ကြုံရသည်။ စစ်ကိုင်း၊မန္တလေး၊ပဲခူးတို့ရှိ မြစ်ကမ်းဘေး ဒေသများနှင့် အချို့နေရာများတွင် ငလျင်ကြောင့်မြေသားများပျော့ခြင်းနှင့် မြေအက်ကွဲခြင်းတို့ကြောင့် နေအိမ်များတွင် ပြန်လည် နေထိုင်နိုင်ခြင်းမရှိပါ။ နောက်ဆက်တွဲငလျင်များ လှုပ်ခတ်နေခြင်း ကြောင့် အိမ်ပြိုသွားသူများသာမက မပြိုဘဲကျန်ရစ်သူများပါ လမ်းမပေါ်နှင့် ကွင်းပြင်များတွင် အိပ်စက်နေရခြင်းကြောင့် ယာယီတဲများနှင့်အမိုးအကာများ အရေးပေါ်လိုအပ်လျက်ရှိသည်။

## 05 လုံခြုံရေး

အထူးသဖြင့် စစ်ကိုင်းနှင့်ပဲခူးတို့တွင် ကူညီကယ်ဆယ်ရေးဆောင်ရွက်မည့် အဖွဲ့အစည်းများသည် စစ်တပ်ထိန်းချုပ်မှုအောက်ရှိ အဖွဲ့အစည်းများထံတွင် ခွင့်ပြုချက်ယူရခြင်းနှင့် သွားရောက်ခွင့်မပြုခြင်းတို့ကြောင့် ထိခိုက်ခံစားရသည့်ဒေသများမှာ အကူအညီမရရှိဘဲ ဖြစ်နေပါသည်။ ငလျင်ဖြစ်ပြီး နောက်ပိုင်းတွင်လည်း မန္တလေးတိုင်းရှိ မြို့နယ်အချို့ကို စစ်တပ်က လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်မှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် လုံခြုံရေးဆိုင်ရာအန္တရာယ်များ ကြုံတွေ့နေရသည်။